## မာတိကာ

စာရေးသူ၏အမှာစာ
အခန်း(၁) ခေါင်းဆောင်မှုနှင့် အောင်မြင်ခြင်းတို့သည် သင်၏မွေးရာပါအခွင့်အရေး
အခန်း(၂) ခေါင်းဆောင်မှုပညာ လမ်းပြကူညီသူနှင့် ဆုံတွေ့ရခြင်း
အခန်း(၃) သာမန်အခြေအနေတစ်ခုအတွက် ဝမ်းနည်းဖွယ် ကျသင့်မှုနှင့် ခေါင်းဆောင်မှုကျွမ်းကျင်ပညာ၏ အံ့မခန်းဆုလာဘ်
အခန်း(၄) ပထမဆုံးခေါင်းဆောင်မှုစကားဝိုင်း
သင်ခေါင်းဆောင်ဖြစ်ဖို့ ဘာရာထူးမှမလိုပါဘူး။
အခန်း(၅) ဒုတိယမြောက် ခေါင်းဆောင်မှုစကားဝိုင်း
အခက်အခဲတွေက မဟာခေါင်းဆောင်တွေကို မွေးထုတ်ပေးတယ်။
အခန်း(၆) တတိယမြောက် ခေါင်းဆောင်မှုစကားဝိုင်း
ပိုပြီးနက်ရှိုင်းတဲ့ ဆက်ဆံရေးက ပိုပြီးခိုင်မာတဲ့ခေါင်းဆောင်မှုကို ဖြစ်စေတယ်။
အခန်း(၇) စတုတ္ထမြောက် ခေါင်းဆောင်မှုစကားဝိုင်း
မဟာခေါင်းဆောင်တစ်ယောက်ဖြစ်ဖို့ မဟာလူသားတစ်ယောက်ဖြစ်အောင် ဦးစွာလုပ်ဆောင်ပါ။
အခန်း(၈) နိဂုံး
- ရာထူးမရှိဘဲ သင်ခေါင်းဆောင်နိုင်ဖို့ ကူညီပေးမယ့်အချက်အလက်များ။
- သင်၏ကူညီမှုကို ကျွန်တော်တို့လိုအပ်တယ်။
- ရာထူးမရှိဘဲ ဦးဆောင်မှုပြုနိုင်တဲ့ အဖွဲ့အစည်းကိုတည်ဆောက်ပါ။

## ဘာသာပြန်သူအမှာ

လူတော်တော်များများကတော့ ခေါင်းဆောင်လို့ပြောလိုက်တာနဲ့ ဘာရာထူးလဲလို့ မေးခွန်းထုတ်တတ်တယ်။ ဦးဆောင်သူ (သို့မဟုတ်) ခေါင်းဆောင်တစ်ယောက်ဖြစ်ဖို့ ရာထူးလိုပါသလား။

ရာထူးတစ်ခုခု ပိုင်ဆိုင်ထားသူအတွက် စစ်မှန်တဲ့ခေါင်းဆောင်မှုက အရေးကြီးပါတယ်။ ဒါပေမဲ့ စစ်မှန်တဲ့ခေါင်းဆောင်တစ်ယောက်အတွက်တော့ ရာထူးက အရေးမကြီးပါဘူး။

တချို့က အကောင်းဆုံးခေါင်းဆောင်နိုင်ဖို့အတွက် ရာထူးမြင့်မြင့်ကိုရောက်ဖို့ကြိုးစားရင်း စစ်မှန်တဲ့ခေါင်းဆောင်မှုနဲ့ လွဲချော်သွားကြတယ်။ တချို့ကတော့ ရာထူးအဆင့်တွေအကြောင်းထက် လုပ်စရာရှိတာတွေကိုလုပ်ရင်း ခေါင်းဆောင်ဆိုတဲ့ အများကပေးတဲ့ ရာထူးမြင့်မြင့်တစ်နေရာကို ရောက်သွားကြတယ်။

အားလုံးဟာ ကျွန်တော်တို့ကိုယ်စီရဲ့ ရွေးချယ်မှုပါပဲ။

ဒီစာအုပ်လေးကိုဖတ်ပြီးလို့ လုပ်ငန်းခွင်ကိုဝင်ရမယ့် သင့်ရဲ့တနင်္လာနေ့တိုင်းက သင့်ကိုတက်ကြွလန်းဆန်းစေနိုင်မယ်ဆိုရင် သင့်ရဲ့နှလုံးသားထဲမှာ ရာထူးမရှိတဲ့ခေါင်းဆောင်မှုက နေရာယူနေပြီလို့ ဆိုနိုင်ကောင်းပါရဲ့။

အသက်ရှင်နေတာလား၊ အသက်ရှူနေတာလားဆိုတာကို စဉ်းစားလိုက်တိုင်း ရာထူးမရှိတဲ့ ခေါင်းဆောင်တစ်ယောက်အတွက် လုပ်စရာတွေအများကြီး ရှိနေပါလားဆိုတာကို ကျွန်တော်တို့ တွေ့ရပါလိမ့်မယ်။

**စောဒေးဗစ်**



**စာရေးသူ (ရော်ဘင်ရှာမာ)၏အမှာစာ -**

ယခုသင့်ရဲ့လက်ထဲမှာကိုင်ထားတဲ့စာအုပ်ဟာ (၁၅)နှစ်တာမျှအချိန်အတွင်းမှာ ဖော်ကျွန်းမဂ္ဂဇင်းက ရွေးချယ်ဖော်ပြလေ့ရှိတဲ့ အမေရိကန်နိုင်ငံရဲ့ ထိပ်တန်းလုပ်ငန်းစု ၅၀၀ စာရင်းဝင် အဖွဲ့အစည်းတွေဖြစ်တဲ့ မိုက်ခရိုဆော့ဖ်၊ ဂျီအီး၊ နိုက်ကီ၊ FedEx,IBM တို့အပြင် ရေးလ်တက္ကသိုလ်၊ အမေရိကန်ကြက်ခြေနီအသင်း၊ လူငယ်ဥက္ကဋ္ဌများအစည်းအရုံး စတဲ့အဖွဲ့အစည်းတွေမှာ ခေါင်းဆောင်မှုဆိုင်ရာအကြံပေးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သမျှရဲ့ ရလဒ်ပဲဖြစ်ပါတယ်။ ဒီစာအုပ်ထဲမှာပါတဲ့ ခေါင်းဆောင်မှုနည်းစနစ်တွေကို လုပ်ဆောင်ခြင်းဖြင့် သင့်ရဲ့လုပ်ငန်းခွင်ထဲမှာ ကြီးမားကောင်းမွန်တဲ့ ရလဒ်တွေကို ရရှိခံစားရမှာပဲဖြစ်ပါတယ်။ ဒ့ါအပြင် သင့်ရဲ့အဖွဲ့အစည်းကို အသစ်သောဆန်းသစ်မှုတွေ၊ လုပ်ဆောင်ချက်တွေ၊ ဝယ်သူအပေါ် သစ္စာစောင့်သိမှုတွေ ပိုပြီးတိုးတက်လာအောင် သင်ကကူညီပေးနိုင်မှာပဲဖြစ်ပါတယ်။ သင့်ရဲ့ကိုယ်ပိုင်ဘဝထဲမှာရော ကမ္ဘာကြီးကို ထင်ဟပ်ပြတဲ့ သင့်ရဲ့ပုံရိပ်တွေပါ ကြီးကြီးမားမား တိုးတက်လာတာကို သင်တွေ့မြင်ရပါလိမ့်မယ်။

မှတ်သားထားရမှာကတော့ ကျွန်တော်ပြောပြမယ့် ခေါင်းဆောင်မှုနည်းနာတွေကို ပုံပြင်လေးတစ်ပုဒ်လို ပြောပြမှာပဲဖြစ်ပါတယ်။ ဇာတ်လိုက်ကြီး Blake Davis၊ သူ့ရဲ့မမေ့နိုင်တဲ့ ကူညီလမ်းပြပေးသူ Tommy Flinn ပါပါမယ်။ ပြီးရင်တော့ သူတို့ရဲ့ဘဝကို ပြောင်းလဲပစ်စေခဲ့တဲ့ သာမန်ထက်ထူးခြားတဲ့ ဆရာကြီးလေးယောက်ပါပါမယ်။ သူတို့တွေကတော့ ကျွန်တော့်ရဲ့စိတ်ကူးဉာဏ်ကွန့်မြူးမှုထဲက ထွက်လာတဲ့ ထုတ်ကုန်ဇာတ်ကောင်တွေပဲဖြစ်ပါတယ်။ ဒါပေမဲ့ သင်ယုံကြည်မှုရှိပါ။ ဒီထဲမှာပါဝင်တဲ့ ခေါင်းဆောင်မှုပုံစံသာမက သူ့ရဲ့ဥပဒေသတွေ၊ နည်းလမ်းတွေ၊ တန်ဆာပလာတွေဟာ တကယ့်အစစ်အမှန်တွေပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း ကမ္ဘာ့အအောင်မြင်ဆုံးနဲ့ ဦးဆောင်သူအဖွဲ့အစည်းထဲက ထောင်သောင်းမကတဲ့လူတွေကို အကူအညီဖြစ်စေခဲ့ပါတယ်။

ဒုက္ခခံရသူတွေက ပြဿနာကိုပဲ အာရုံဆောင်ထားတတ်ကြတယ်။ ခေါင်းဆောင်တွေကတော့ အဖြေကိုပဲရှာကြပါတယ်။ ကျွန်တော်လေးလေးနက်နက် မျှော်လင့်မိတာကတော့ ဒီစာအုပ်လေးက ပွဲအဖြေကို ပြောင်းလဲပစ်နိုင်မယ့် ကစားပွဲတစ်ခုလို သင်နဲ့သင့်ရဲ့အဖွဲ့အစည်းတစ်ခုလုံးဟာ ခက်ခဲကြမ်းတမ်းမှုမရေရာမှုကြားကိုဖြတ်ပြီး သင့်ရဲ့အပြည့်စုံဆုံးနဲ့ အကောင်းဆုံးသော အခြေအနေတစ်ခုကို လှလှပပ မြန်မြန်ဆန်ဆန် ရောက်ရှိစေဖို့ပဲဖြစ်ပါတယ်။



**ရော်ဘင်ရှာမာ**

စာကြွင်း။ ။ ဒီစာအုပ်လေးကိုဖတ်ရှုရင်း သင့်ရဲ့ခေါင်းဆောင်မှုအရည်အသွေးကို ခိုင်မာလေးနက်မှုပိုရှိလာစေဖို့ robinsharma.com ထဲကို ဝင်ရောက်လေ့လာနိုင်ပါတယ်။ အဲ့ဒီအင်တာနက်စာမျက်နှာထဲမှာ ကိုးကားစရာတွေ၊ သတင်းတွေ၊ ခေါင်းဆောင်မှုဆိုင်ရာ စာဖြေစနစ်တွေ၊ တစ်မူထူးခြားတဲ့ အသင်းအဖွဲ့တစ်ခုကို တည်ဆောက်နိုင်မယ့် အထောက်အပံ့ တန်ဆာပလာတွေကို ရှာဖွေတွေ့ရှိနိုင်မှာပဲဖြစ်ပါတယ်။